## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
(၁၄)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၁၈ - ၂ - ၂၀၁၉ ရက်နေ့မှာ

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ စွမ်းအင်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ခရိုင်မြေစစ်အစည်းအဝေး တက်ရောက်ရန်။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကွင်းဆင်းလိုက်ပါဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးရုံတက်ရောက်။ ဒေါက်တာ ငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံပြသရန်။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နဲ့ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၃၀)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပန်ကြားသူ (၃၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်

ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၇)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာမှ အထက်ပိုင်းရှိ သွားလာရခက်ခဲသော ကျေးရွာများသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် လိုအပ်သောချောင်းကူးတံတားများနှင့် ကွန်ကရစ်လမ်းများကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တည်ဆောက်ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာမှ အထက်ပိုင်းရှိ သွားလာရခက်ခဲသော ကျေးရွာများသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် လိုအပ်သောချောင်းကူးတံတားများနှင့် ကွန်ကရစ်လမ်းများကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တည်ဆောက်ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဖြစ်ပါတယ်။ ရေးမြစ်ရဲ့ချောင်းဖျားပိုင်း သွားလာရခက်ခဲတဲ့နေရာမှာ နေထိုင်ကြတဲ့ ကျွန်တော့် မဲဆန္ဒနယ်က ပြည်သူတွေအတွက် ရေးမြို့ပေါ်ကို ရာသီမရွေး အဆင်ပြေပြေ သွားလာနိုင်အောင် တံတားတွေ၊ လမ်းတွေဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းရွာကျေးရွာအုပ်စုဟာ ပုံမှာမြင်ရတဲ့အတိုင်း ရေးမြစ်ရဲ့ချောင်းဖျားပိုင်း တောတောင်ထူထပ်တဲ့ဒေသမှာတည်ရှိပြီး မြေဆီမြေနှစ် ကြွယ်ဝကောင်းမွန်တဲ့ အတွက် ဥယျာဉ်ခြံစိုက်ပျိုးတဲ့သူ များပါတယ်။ ပြည်ထဲရေးအမည်ပေါက်နဲ့ အမည်မပေါက်သေးတဲ့ရွာ (၂၀)ကျော်ရှိပြီး ကရင်ပြည်နယ်နဲ့ပါ နယ်စပ်ချင်းထိစပ်နေတဲ့ အင်မတန်ကြီးမားတဲ့ဒေသကြီးဖြစ်ပါတယ်။ အဲဒီရွာတွေက ဒေသခံတွေက သူတို့ရဲ့ ခြံထွက်ပစ္စည်းတွေကို ကျောင်းရွာကနေတစ်ဆင့် ရေးမြို့ကို သယ်ယူရောင်းချရတာဖြစ်ပါတယ်။ ဒီအပြင် ပညာရေး၊ ကျန်းမာရေးနဲ့ အခြားကိစ္စအဝဝ အတွက် ကျောင်းရွာကနေတစ်ဆင့်ပဲ ရေးမြို့ကို သွားလာရတာဖြစ်ပါတယ်။ ပုံထဲမှာ ချောင်းဖျားပိုင်းက လူတွေဟာ အဲဒီ လမ်းနှစ်ခုကနေတစ်ဆင့် ကျောင်းရွာကို လာရတာဖြစ်ပါတယ်။ သူတို့အတွက် ဒီလမ်းဟာ အင်မတန်အရေး ပါ ပါတယ်။ ဒါပေမဲ့ ချောင်းဖျားပိုင်းဖြစ်တဲ့အတွက် နွေအခါမှာတောင် စမ်းချောင်းတွေကများ၊ လမ်းတွေက မကောင်းတဲ့အတွက် သွားလာရမလွယ်ပါဘူး။ ကျောင်းရွာကနေ အပေါ်ဘက်ကို တက်ကြည့်မယ်ဆိုရင် ရွာကထွက်တာနဲ့ ပထမဆုံး ပေ(၄၀)လောက်ကျယ်တဲ့ အဒိန်းချောင်းကိုဖြတ်ဖို့ စပြီးရုန်းကန်ရပါတယ်။ ဒီတံတားလေးရဖို့ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ကို ဒေသခံ

တိုင်းရင်းသားတွေဆောက်ပေးဖို့ အကြိမ်ကြိမ်တောင်းခံကြပေမယ့် နယ်မြေအေးချမ်းမှုကို အကြောင်းပြုပြီးတော့ မရခဲ့ကြပါဘူး။

ဒါက မနှစ်က မတ်လမှာ ရောက်တုန်း မြေပြင်အနေအထားဖြစ်ပါတယ်။ မြင်တဲ့အတိုင်းပဲ နွေခါမှာ ရေရှိနေပါတယ်။ အခုနယ်မြေတွေ အေးချမ်းလာတော့ ခြံတွေလည်း တိုးလာတယ်။ နေထိုင်သူလည်းတိုးလာတော့ ကျွန်တော် ရောက်သွားတော့ ရွာသားတွေက လမ်းမရှိရင်လည်းပဲ ကြံဖန်သွားလို့ရပါတယ်။ တံတားမရှိတော့ အင်မတန်အခက်အခဲဖြစ်လို့ တံတားတော့ ရအောင်လုပ်ပေးပါဆိုပြီးတော့ တောင်းဆိုကြပါတယ်။ ဒါက အဲဒီလမ်းပိုင်းက ငါးကလေးချောင်း ဖြစ်ပါတယ်။ ဒါက အဲဒီ ငါးကလေးချောင်းကျေးရွာက စာသင်ကျောင်းလေးပါ။ ဆိုင်းဘုတ်မှာ မြင်တဲ့အတိုင်း ကိုယ်ထူမှ ကိုယ်ထရတဲ့ မူလတန်းကြိုကျောင်းလေးဖြစ်ပါတယ်။ ဒီနှစ်မှာ ဒီကျောင်းလေးကို ပြင်နိုင်အောင် ကြိုးစားထားပါတယ်။ ဒါကတော့ အဲဒီရွာနဲ့ လိပ်ပုတ်ဆိုတဲ့ရွာကြားက စပါးကြီးချောင်းကို တိုင်းတာနေတဲ့ပုံဖြစ်ပါတယ်။ ဘေးတံတားက လူနဲ့ဆိုင်ကယ်ဖြတ်ဖို့လုပ်ထားတဲ့ ကိုယ့်အားကိုယ်ကိုး တံတားလေးဖြစ်ပါတယ်။ ဒါကတော့ နောက်ထပ်ဒေသခံတွေရဲ့လက်ရာ တံတားတစ်စင်းဖြစ်ပါတယ်။ အခုတွေ့ရတာက နွေခေါင်ခေါင် မတ်လမြင်ကွင်းများပဲ ဖြစ်ပါတယ်။ အခုတောင်းခံထားတဲ့ အပေါ်ပိုင်းလမ်းတွေက ဒီထက်အများကြီးဆိုးပါတယ်။ နမူနာ နည်းနည်းပြပါမယ်။ နွေအခါမှာတောင် အဲဒီ အထက်ပိုင်းကလူတွေဟာ အဲဒီလမ်းတွေကိုပဲ သွားရပါတယ်။

ဒါဆိုရင် မိုးအခါရော ဘယ်လိုသွားကြသလဲ။ ကျွန်တော်တို့ ကြည့်ကြည့်ရအောင်ပါ။ ဒါက မိုးတွင်းမှာ လူနဲ့ဆိုင်ကယ်ကူးနိုင်အောင် ရွာသားတွေဆောက်ထားတဲ့ တံတားဖြစ်ပါတယ်။ တံတားမရှိတဲ့ နေရာတွေမှာဆိုရင်တော့ ဒီလိုပဲ ခြံသမားတွေစုမိပြီဆိုရင် ဆိုင်ကယ်ကိုဝိုင်းထမ်းပြီး ကူးရတာရှိသလို ရေများရင် လှေငယ်လေးတွေနဲ့ကူးရပါတယ်။ ဒါကတော့ အောက်ရေပေါက်ပြီးတော့ စိမ့်နေတဲ့နေရာမှာ ဆိုင်ကယ်နစ်တတ်တဲ့အခါကျတော့ ဒီလိုပဲ သစ်သားပြားတွေကို လမ်းလုပ်ပြီးတော့ ကြိုတင်သွားကြရပါတယ်။ ဒါကတော့ တစ်နိုင်တစ်ပိုင် ဂဝံကျောက်တွေ ထည့်ပြီးတော့ သွားလာလို့ရအောင် ပြုပြင်နေကြ တာဖြစ်ပါတယ်။ အခုမြင်ရတဲ့အတိုင်း မိုးတွင်းမှာသွားလာရခက်ခဲလို့ ဈေးကောင်းရတဲ့ သီးနှံတွေကိုပဲ ရေးမြို့ကို တင်ပို့နိုင်ပြီးတော့ ဈေးမကောင်းတဲ့ဟာတွေကျတော့ ရွာမှာဒီအတိုင်းပဲ ထားလိုက်ရပါတယ်။ ဒေသခံတွေရဲ့ဝင်ငွေကို များစွာထိခိုက်စေပါတယ်။

ပညာရေးဆိုရင်လည်း အနီးဆုံးအထက်တန်းကျောင်းကလည်း ကျောင်းရွာမှာ။ ကျန်းမာရေးဆိုရင်လည်း အနီးဆုံးတိုက်နယ်ဆေးရုံက ကျောင်းရွာမှာဖြစ်တဲ့အတွက်ကြောင့် မိုးတွင်းဆို ပိုပြီးဒုက္ခရောက်ကြပါတယ်။ ဒီလမ်းပိုင်းဟာ အသုံးပြုသူများပြီး နိုင်ငံ့ဝန်ထမ်းများနဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့အတွက် အရေးပါပြီး အဓိကကျတာမို့ ဒီလမ်းကို ရာသီမရွေး သွားလာရအဆင်ပြေတဲ့ လမ်းကောင်းဖြစ်အောင်ကြိုးစားပေးဖို့ ဒေသခံတွေက ကျွန်တော့်ကို တွေ့တိုင်းမေးကြပါတယ်။ အချို့ကလည်း အားမလိုအားမရနဲ့ နောက်ပြီးတော့ ကျွန်တော့်ကိုယ်စား ပြန်ဖြေပေးတတ်ကြပါတယ်။ ကျွန်တော်ကလည်း မျှော်ရကျိုးနပ်မှာပါလို့ အမြဲတမ်းပဲဖြည့်စွက် ပြောပေးရပါတယ်။

ဒါကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ကျောင်းရွာ - လိပ်ပုတ်လမ်းပိုင်းကို အခုလာမယ့် ဘတ်ဂျက်နှစ်ကစပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းတွေနဲ့တံတားတွေ ဖောက်လုပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျောင်းရွာ၊ ကျေးရွာအနီးရှိ အဒိန်းချောင်း မြင်ကွင်းပုံ (ခ)



စပါးကြီးချောင်း တံတား မြင်ကွင်းပုံ (ခ-၁)



ရေစိမ့်သောနေရာများတွင် ယာယီသစ်သားပြားဖြင့် လမ်းခင်းနေသည့် မြင်ကွင်းပုံ (ခ-၂)



**ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိဒ်လမ်းခွဲ - မှောင်ကွန်(ရွာဟောင်း) - မှောင်ကွန်(ရွာသစ်) - လေးလက်လမ်းအား (၂၄)ပေအကျယ် လမ်းတာခဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိဒ်လမ်းခွဲ - မှောင်ကွန်(ရွာဟောင်း) - မှောင်ကွန်(ရွာသစ်) - လေးလက်လမ်းအား (၂၄)ပေအကျယ် လမ်းတာခဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိဒ်လမ်းခွဲ - မှောင်ကွန်(ရွာဟောင်း) - မှောင်ကွန် (ရွာသစ်) - လေးလက်လမ်းအား (၂၄)ပေအကျယ် လမ်းတာခဲ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့နယ်၊ ရိဒ်လမ်းခွဲ - မှောင်ကွန်(ရွာဟောင်း) - မှောင်ကွန်(ရွာသစ်) - လေးလက်လမ်းဟာ ယခု နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိတဲ့ အိုင်ရဲဘွာလ်-ကြောင်ဟော့-ကော့ဆဲလမ်းနှင့် တစ်ဆက်တစ်စပ်တည်းလမ်းဖြစ်ပါတယ်။ လေးလက်မှာလည်း ဒီနယ်စပ်ဈေးတည်ဆောက်ရန် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံသဘောတူပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ တံတားထိုးဖို့လည်း သဘောတူပြီးဖြစ်ပါတယ်။ ဒီလမ်းကို လမ်းတာခဲ့ အဆင့်မြှင့်တင်ပေးနိုင်မယ်ဆိုရင် ကျေးရွာပေါင်း (၂၀)ခန့်က အကျိုးခံစားနိုင်မှာဖြစ်ပါတယ်။ ဒေသခံပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ စီးပွားရေး များစွာအကျိုးပြုမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ရိဒ်လမ်းခွဲမှ - မှောင်ကွန်(ရွာဟောင်း) - မှောင်ကွန်(ရွာသစ်) - လေးလက်လမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနက (၂၄)ပေ လမ်းတာခဲ့ပေးခြင်း၊ ရေပြွန်များ ဆောက်လုပ်ပေးခြင်း၊ တံတားဆောက်လုပ်ပေးခြင်း၊ ကျောက်ခင်းပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာတွင် သန့်ရှင်းသော ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူပေးရေးလုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လဘတ်ဂျက်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးငွေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာတွင် သန့်ရှင်းသောရေ ရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူပေးရေးလုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လဘတ်ဂျက်တွင် ပြည်ထောင်စု

ဘတ်ဂျက်ဖြင့် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ကျေးလက်ဒေသတွင် သောက်သုံးရေရရှိရေးကိစ္စနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်သော ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာသည် ပလက်ဝမြို့မှ ရေမိုင် (၆၅)မိုင်အကွာတွင်တည်ရှိပြီး အိမ်ခြေပေါင်း(၃၀၀)နီးပါးနှင့် လူဦးရေ(၁၅၀၀)ခန့်နေထိုင်သော ကျေးရွာကြီးတစ်ရွာဖြစ်ပါတယ်။ မီးဇာကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ တောင်တန်းသာသနာပြု ဘုန်းကြီးကျောင်းနှင့် အခြားဘာသာရေးဂိုဏ်းပေါင်းစုံ စုဝေးအခြေပြုလျက်ရှိပါတယ်။ တင်ပြပါ မီးဇာကျေးရွာသည် နောင်တွင်မြို့အဆင့်သတ်မှတ်ရန်လျာထားပြီး မီးသတ်ဌာန၊ စည်ပင်ဌာန၊ ရဲကင်းနှင့် အခြားဌာနများ၊ မြေနေရာများလည်း သက်ဆိုင်ရာမြို့နယ်အကြီးအကဲများမှ လျာထားသတ်မှတ်ထားပြီးလည်းဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးနှင့် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ကွင်းဆင်းလေ့လာပြီး လူထုတွေ့ဆုံပွဲတွင် ရွာသားများမှ ရေရရှိရေးကိစ္စကို တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မီးဇာကျေးရွာတွင် ကုန်ပြင်ကျေးရွာမှ စစ်ဘေးရှောင်(၄၄)ဆောင်၊ ပီတောင်ကျေးရွာမှ စစ်ဘေးရှောင်(၂၅)ဆောင်နှင့် မကြာသေးမီရက်ပိုင်းကာလမှရောက်ရှိလာသော ကင်းတလင်းကျေးရွာမှ စစ်ဘေးရှောင်(၂၂)ဆောင် ပြောင်းရွှေ့နေထိုင်လျက်ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင် မီးဇာကျေးရွာသို့ ကွင်းဆင်းတဲ့အခါမှာလည်း သောက်သုံးရေခက်ခဲနေကြောင်း သိရှိခဲ့ရပါတယ်။ အထူးသဖြင့် တိုက်နယ်ဆေးရုံတွင် ရေလုံးဝမရရှိသည့်အတွက် လူနာများနှင့်ဝန်ထမ်းများ အခက်အခဲဖြစ်စေခဲ့ပါတယ်။ ရွာသူ ရွာသားများနှင့် ဆွေးနွေးတဲ့အခါမှာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေးရရှိနိုင်သော ရေထွက်နေရာရှိပါကြောင်း တင်ပြလာပြီး မီးဇာကျေးရွာ၏ အနောက်ဘက် (၈)မိုင်အကွာ ကျောက်ပလ္လင်ကျေးရွာနားတွင်ရှိပါကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့စွမ်းအားအရင်းအမြစ် တိုးတက်လာစေရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး၊ ကျေးလက်ဒေသနေပြည်သူများရဲ့ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးအတွက် အဖက်ဖက်မှ စဉ်းစားပြီး မေတ္တာစေတနာရှေ့ထား၍ ဆောင်ရွက်ပေးပါလို့ တင်ပြတောင်းဆိုပါတယ်။ နယ်စပ်ရေးရာဝန်ကြီးအနေဖြင့်လည်း ချင်းပြည်နယ်တစ်ခုလုံးအတွက်ရော မိမိတို့ပလက်ဝမြို့နယ်အတွက်ပါ

ဘတ်ဂျက်များလည်း စေတနာထားပြီး ပံ့ပိုးမှုပြုနေတာကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ထည့်သွင်းပြောကြားလိုပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ မီးဇာကျေးရွာတွင် အများပြည်သူသောက်သုံးရန် သန့်ရှင်းသောရေရရှိရေးအတွက် စိမ့်စမ်းရေ သွယ်ယူပေးရေးကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်လျာထားပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ မိုပိုင်းလွတ်မြို့နှင့် ဆွမ္မရာမြို့ မြို့ချင်းဆက်လမ်း ဖောက်လုပ်ရာတွင် ကျန်ရှိသောမြေသားလမ်း (၁၀)မိုင်ခန့်နှင့် ထိုလမ်းပိုင်းပေါ်ရှိ တံတား (၆)စင်းအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် က စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ မိုပိုင်းလွတ်မြို့နှင့် ဆွမ္မရာမြို့ မြို့ချင်းဆက်လမ်း ဖောက်လုပ်ရာတွင် ကျန်ရှိသောမြေသားလမ်း(၁၀)မိုင်ခန့်နှင့် ထိုလမ်းပိုင်းပေါ်ရှိ တံတား(၆)စင်းအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမင်းနိုင် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော လေရှီး မြို့နယ်၊ ဆွမ္မရာမြို့နှင့် မိုပိုင်းလွတ်မြို့ မြို့ချင်းဆက်လမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၄ - ၂၀၁၅ ခုနှစ်မှစ၍ ဖောက်လုပ်သောလမ်းမှာ လေရှီးမြို့နယ် အနောက်ဘက်ခြမ်း ကျေးရွာပေါင်း (၁၂)ရွာနှင့် လူဦးရေ (၇၀၀၀)ကျော် သွားလာနိုင်သည့်လမ်းဖြစ်ပြီး ဟုမ္မလင်းမြို့နယ်အထိ လွယ်ကူစွာ လူမှုရေး၊ ပညာရေး၊ စီးပွားရေးများ ခံစားနိုင်မည့်လမ်းကြောင်းဖြစ်ကြောင်းနှင့် ၂၀၁၆ ခုနှစ်မှစ၍ ယနေ့အထိ ဆောင်ရွက်နေခြင်းကြောင့် လမ်းများကောင်းမွန်လာ၍ ဆွမ္မရာမြို့နှင့် မိုပိုင်းလွတ်မြို့ မြို့ချင်းဆက်လမ်း မပြီးသေးတဲ့ မြေသားလမ်း(၁၀)မိုင်ခန့်နှင့် ကွန်ကရစ်တံတား(၆)စင်း ဆောင်ရွက်ပေးပါက ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကွန်ကရစ်တံတား(၆)စင်းမှာ ကြားစခန်းအဝင် (၅/၀)မိုင်နှင့် (၉/၁)မိုင်နှင့် (၉/၂)မိုင်အကြား၊ အဲဒီအကြားမှာ (၆)စင်းထိုးရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point အသုံးပြုခွင့် တောင်းခံလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ၂၀၁၄ - ၂၀၁၅ ခုနှစ်တုန်းက ကတ္တရာလမ်း ခင်းထားတာ ဖြစ်ပါတယ်။ တော်တော်လေးကို ကတ္တရာလမ်းလည်း ပြန်ရှာယူရပါတယ်။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ဒီနေ့အချိန်ထိ ဆောက်လုပ်နေတဲ့လမ်းတွေကတော့ ကွင်းဆင်းတဲ့အခါမှာ စံချိန်စံနှုန်းနဲ့ကိုက်ညီတဲ့ လမ်းတွေဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ ဒါ ဆောင်ရွက်နေတဲ့ဌာနကို ဌာနဆိုင်ရာတွေနဲ့ ကွင်းဆင်းတိုင်းတာတဲ့ နေရာဖြစ်ပါတယ်။ Box Culvert တည်ဆောက်မယ့်နေရာကို တိုင်းတာခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါတင်ပြသော မြေသားလမ်း (၁၀)မိုင်နှင့် ကွန်ကရစ်တံတား(၆)စင်းတို့အား ၂၀၁၉ - ၂၀၂၀ ဘတ်ဂျက်နှစ်မှာ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ခဲ့သော ကတ္တရာလမ်း မြင်ကွင်းပုံ (န)



၂၀၁၆ ခုနှစ်မှ ယနေ့အထိ ဖောက်လုပ်နေသော မြေသားလမ်း မြင်ကွင်းပုံ (န-၁)



ပြည်သူများ မြင်ကွင်းပုံ (န-၂)



**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သဃ်န်းကျွန်းကျေးရွာအုပ်စုရှိ သဃ်န်းကျွန်း - ပိုင်ဝမ်းကျေးရွာချင်းဆက် မြေသားလမ်းနှင့် စိန်ကြီး-သာယာကုန်း ကျေးရွာချင်းဆက်မြေသားလမ်းတို့ကို ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းများအဖြစ် လာမည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်၊သဃ်န်းကျွန်းကျေးရွာအုပ်စုရှိ သဃ်န်းကျွန်း - ပိုင်ဝမ်းကျေးရွာချင်းဆက် မြေသားလမ်းနှင့် စိန်ကြီး - သာယာကုန်း ကျေးရွာချင်းဆက် မြေသားလမ်းတို့ကို ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းများအဖြစ် လာမည့် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် ပြည်သူများသွားလာရေး အဆင်ပြေစေမယ့် မေးခွန်းတစ်ခုဖြစ်တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သယ်န်းကျွန်းကျေးရွာအုပ်စုရှိ သယ်န်းကျွန်း - ပိုင်ဝမ်း ကျေးရွာချင်းဆက် မြေသားလမ်း အရှည်(၆၃၀၀)ပေနှင့် စိန်ကြီး-သာယာကုန်း ကျေးရွာချင်းဆက် မြေသားလမ်း ၂ မိုင် ၅ ဖာလုံတို့ကို ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် လာမည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သယ်န်းကျွန်းကျေးရွာအုပ်စုရှိ သယ်န်းကျွန်းကျေးရွာဟာ လူဦးရေအားဖြင့် (၁၁၄၉)ဦး နေထိုင်ကြပြီး အိမ်ခြေ စုစုပေါင်း(၂၀၀)အိမ်ခန့် ရှိပါတယ်။ ပိုင်ဝမ်းကျေးရွာမှာ လူဦးရေ (၃၈၀)ဦး နေထိုင်ကြပြီး အိမ်ခြေ စုစုပေါင်း (၈၇)အိမ်ရှိပါတယ်။ သယ်န်းကျွန်းကျေးရွာနဲ့ ပိုင်ဝမ်းကျေးရွာတို့ကို ဆက်သွယ်ထားတဲ့ မြေသားလမ်း (၆၃၀၀)ပေခန့်ဟာ မိုးရာသီမှာ သွားလာရေးအခက်အခဲများ ကြုံတွေ့ရသည့်အတွက် ဒေသခံပြည်သူများ လူမှုဘဝစီးပွားအဆင်ပြေစေရန် ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးစေလိုပါတယ်။

ထို့အတူ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သယ်န်းကျွန်းကျေးရွာအုပ်စုရှိ စိန်ကြီးကျေးရွာဟာ အိမ်ခြေ စုစုပေါင်း (၁၁၁)အိမ်ရှိပြီး လူဦးရေ (၅၀၀)ခန့် နေထိုင်ကြပါတယ်။ ကျုံပေါကျေးရွာ၊ စိန်ကြီးကျေးရွာ၊ သယ်န်းကျွန်းကျေးရွာမှ သာယာကုန်းကျေးရွာသို့ ဆက်သွယ်ထားသော အရှည် ၂ မိုင် ၅ ဖာလုံခန့်ရှိ မြေသားလမ်းဟာ မိုးရာသီမှာ ချိုင့်ဝှမ်းချိုင့်ခွက်များ၍ ရေဝပ်ခြင်း၊ ရွှံ့ဗွက်များဖြစ်ပေါ်ခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျန်းမာရေးမကောင်းသော အရေးပေါ်လူနာများအတွက် သွားလာရေးများစွာအခက်အခဲ ကြုံတွေ့နေရပါတယ်။ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများက လိုလားနေကြပါတယ်။

ထို့ကြောင့် ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးမြို့နယ်၊ သယ်န်းကျွန်းကျေးရွာအုပ်စုရှိ သယ်န်းကျွန်း - ပိုင်ဝမ်းကျေးရွာချင်းဆက် မြေသားလမ်းအရှည် (၆၃၀၀)ပေနှင့် စိန်ကြီး - သာယာကုန်းကျေးရွာချင်းဆက် မြေသားလမ်း ၂ မိုင် ၅ ဖာလုံတို့ကို ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် လာမည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၏ တောင်ဘက် မာရာတောင်ကြောရှိ ကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းများနှင့် လအိုသိုးတောင်ကြောရှိ ကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းများအား (၂၄)ပေအကျယ်လမ်းတာချဲ့ပေးရန်နှင့် ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၏တောင်ဘက် မာရာတောင်ကြောရှိကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းများနှင့် လအိုသိုးတောင်ကြောရှိ ကျေးရွာများ၏ ကျေးရွာချင်းဆက် လမ်းများအား (၂၄)ပေအကျယ် လမ်းတာချဲ့ပေးရန်နှင့် ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် တောင်ဘက် မာရာတောင်ကြောနဲ့ လအိုသိုးတောင်ကြောရှိ ကျေးရွာများ၏ ရွာချင်းဆက်လမ်းများအား ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် လူမှုရေးဘဝနိမ့်ကျရခြင်းနှင့် ဘာသာစကား ကွဲပြားရခြင်းရဲ့ အဓိကအကြောင်းရင်းက လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုကြောင့်ဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့ဟာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကို နှစ်ပိုင်းခွဲပြီး မဲဆန္ဒနယ်အမှတ်(၁)နယ်မြေရှိကျေးရွာများကို နယ်စပ်ရေးရာဝန်ကြီးဌာနအား တာဝန်ယူစေလွှတ်၍လည်းကောင်း မဲဆန္ဒနယ်အမှတ်(၂) နယ်မြေရှိကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကို ဆောင်ရွက်စေခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာန တာဝန်ယူဆောင်ရွက်သော မဲဆန္ဒနယ်အမှတ်(၁) နယ်မြေရှိ ကျေးရွာပေါင်း (၄၈)ရွာများတွင်သာ ဘတ်ဂျက်ခွဲဝေရရှိ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကျေးရွာပေါင်း(၄၆)ရွာတွင် ရန်ပုံငွေခွဲဝေရရှိမှုနည်းပါးနေကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနဲ့ ချင်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်

စည်ပင်ရိပ်သာဆောင်တွေ့ဆုံပွဲတွင် ဤကဲ့သို့ နောက်နောင်မဖြစ်ရအောင် ကျွန်တော်တို့တင်ပြခဲ့ပါတယ်။

သို့သော် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်းရှိ ရန်ပုံငွေခွဲဝေရရှိမှု လေ့လာစိစစ်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော မဲဆန္ဒနယ်အမှတ်(၁)တွင် ရန်ပုံငွေခွဲဝေရရှိမှုဟာ ယခင်အတိုင်းပင်ဖြစ်ပြီးတော့ မဲဆန္ဒနယ်အမှတ်(၂)နယ်မြေတွင် အနည်း၊ အကျဉ်းသာ ခွဲဝေရရှိသည့်အတွက် ဒေသခံပြည်သူများ မကျေမနပ်ဖြစ်ကြပါတယ်။ ဒါကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီးများနဲ့ ချင်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ၃ - ၁၂ -၂၀၁၈ ရက်နေ့ Mandalay Pradise ဟိုတယ်တွေ့ဆုံပွဲတွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ရေးဆွဲတဲ့အခါ ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)နယ်မြေမှ ကျေးရွာပေါင်း (၄၆)ရွာအတွက် ရန်ပုံငွေကို ပိုမိုလျာထားပေးရေးကို ဆောင်ရွက်ခဲ့ရန် တိုင်ပင်ညှိနှိုင်းတင်ပြခဲ့ပါတယ်။

ဒါကြောင့် ထန်တလန်မြို့နယ် ကျေးရွာနေပြည်သူများ တစ်ပြေးညီဖွံ့ဖြိုးရေး (Uniformly Development)ဖြစ်ရေးကို ရှေးရှုလျက် မဲဆန္ဒနယ်အမှတ်(၂)နယ်မြေ မာရာတောင်ကြောရှိ လုံကျွဲပီးနှင့် ငါဖိုင်သဲ ရွာချင်းဆက်လမ်း ၄ မိုင် ၄ ဖာလုံ၊ ငါဖိုင်သဲနှင့် ငါဖိုင်ပီး ၁၀ မိုင်၊ ငါဖိုင်ပီးနှင့် ဖါရ်တလန် ၂ မိုင် ၄ ဖာလုံ၊ ဖါရ်တလန်နှင့် လိုင်လင်း ၈ မိုင်၊ လိုင်လင်းနှင့် ဘွယ်နူးမြစ်ထိ ၃ မိုင်အား (၂၄)ပေအကျယ် လမ်းတာချဲ့ပေးရန်နှင့် လုံကျွဲသဲနှင့် ငါဖိုင်ပီးလမ်းသစ် ၃ မိုင်၊ လိုင်လင်း - လာအိုလမ်းသစ် ၁၀ မိုင်၊ (၂၄)ပေအကျယ်ဖြင့် လမ်းသစ်တူးဖော်ပေးရန် လအိုးသိုး တောင်ကြော ဖန်ထဲင် - နှာရိန်းလမ်းခွဲမှ ထန်ညြ ၈ မိုင်၊ ထန်ညြ - ခွါဟရန် ၆ မိုင်အား (၂၄)ပေအကျယ်ဖြင့် လမ်းတာချဲ့ပေးရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေပိုမိုခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နယ်စပ်ရေးရာဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ နာဘုန်းကျေးရွာအုပ်စု ဒါရ်စုံးကျေးရွာနှင့် ဗိုင်ဒင်းကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာကြား (၁၆)မိုင်ခန့်အား ကုန်ထုတ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ နာဘုန်းကျေးရွာအုပ်စု ဒါရ်စုံးကျေးရွာနှင့် ဗိုင်ဒင်းကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာကြား ၁၆ မိုင်ခန့်အား ကုန်ထုတ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဒီကနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့


ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ နာဘုန်းကျေးရွာအုပ်စု ဒါရ်စုံးကျေးရွာနှင့် ဒိုင်ဒင်းကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာကြား မြစ်သာမြစ်အထက်ပိုင်းနဲ့ ရုန်ချောင်းတစ်ဖက်တစ်ချက်ရှိ မြေပြန့်ဒေသများကို ကုန်းမြင့်လယ်ယာများ ဖော်ထုတ်နိုင်ရေးအတွက် ကုန်ထုတ်လမ်းနဲ့ ရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ မြစ်သာချောင်းဖျားနဲ့ ရုန်ချောင်းပတ်ဝန်းကျင်တွင် ယခု လက်ရှိ လုပ်ကိုင်ဖော်ထုတ်လျက်ရှိသော လယ်ယာမြေဧကဟာ (၄၇)ဧကရှိပြီး ဖော်ထုတ်ရန်ကျန်ရှိသော လယ်ယာမြေဧကဟာ ဧက(၂၅၀)ကျော်ရှိနေတာကို လေ့လာသိရှိရပါတယ်။ ချင်းပြည်နယ်ဟာဆိုရင် တောင်ကုန်းတောင်တန်း အလွန်ထူထပ်သောကြောင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ဖို့နေရာကို ကားလမ်းဖောက်ပေးမယ်ဆိုပါက ဒေသခံပြည်သူများအတွက် အလွန့်အလွန်ကိုအကျိုးပြုမှာ ဖြစ်ပါတယ်။ မတူပီမြို့နယ်၊ ရမ်စီးကျေးရွာ၊ ဒါရ်စုံးကျေးရွာ၊ ရွှေတောင်ကျေးရွာရှိ ကုန်းမြင့်လယ်ယာ စိုက်ပျိုးနေသော တောင်သူလယ်သမားများအတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး ဒီလမ်းကို ဖောက်လုပ်ပေးနိုင်မည်ဆိုပါက ဒေသစားဝတ်နေရေးလည်း ပိုမိုဖူလုံလာမှာ ဖြစ်ပါတယ်။ အကယ်၍ ဒီလမ်းကိုဖောက်လုပ်ပေးမယ်ဆိုပါက ရမ်စီး၊ ဒါရ်စုံး၊ ရွှေတောင်၊ ဒိုင်ဒင်း၊ ဝီးလူ၊ ဒင်းကျေးရွာ ချင်းဆက်လမ်းအဖြစ်လည်း အသုံးဝင်မှာဖြစ်ပါတယ်။ ဒီနေရာဟာ ယခုအချိန်ထိ ဆိုင်ကယ်လမ်း တောင်မှ ကောင်းမွန်စွာမပေါက်သေးတဲ့အတွက် လယ်သမားများဟာဆိုလို့ရှိရင် လယ်ယာသို့သွားတဲ့ အချိန်မှာ ၁၀ မိုင်ကျော်ကျော်ကိုခြေလျင်ဖြင့်သာ ယနေ့အထိသွားလာနေကြရပါတယ်။ တခြားရွာ တွေနဲ့ ကူးလူးဆက်ဆံရာတွင်လည်း များစွာအခက်အခဲရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီဟာ ကတော့ ခုနပြောတဲ့ ကုန်းမြင့်လယ်ယာကို Google Map ကနေတစ်ဆင့် မြင်ရတာဖြစ်ပါတယ်။ ဒီဟာလည်း ချောင်းပတ်ဝန်းကျင်မှာ လယ်ယာမြေရှိတဲ့ဟာကို Google Map ကနေ မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒီဟာလည်း Google Map ကနေ မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒီနေရာကို လူသွားလမ်းပဲ ပေါက်ပါသေးတယ်။ ဆိုင်ကယ်လမ်းတောင်မှ ကောင်းကောင်း မပေါက်သေးပါဘူး။ ဒါကတော့ မြေပြင်အနေအထားအရ လယ်ကွင်းတွေအဝေးကနေ မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကလည်း မြေပြင် အနေအထားအရ လယ်ယာမြေရှိတဲ့နေရာကို မြင်တွေ့ရတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ချင်းပြည်နယ် မတူပီမြို့နယ်ရှိ ဒါရ်စုံးကျေးရွာနှင့် ရွှေတောင်ကျေးရွာကြား ၁၆ မိုင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှန်ချောင်းနှင့် မြစ်သာချောင်းရှိ လယ်ကွက်များကို Google Map မှမြင်ရသည့် မြင်ကွင်းပုံ (ပ)




ရှန်ချောင်းနှင့် မြစ်သာချောင်းရှိ လယ်ကွက်များကို Google Map မှမြင်ရသည့် မြင်ကွင်းပုံ (ပ-၁)




ရှန်ချောင်းနှင့် မြစ်သာချောင်းရှိ လယ်ကွက်များကို မြေပြင်မှမြင်တွေ့ရသည့် မြင်ကွင်းပုံ (ပ-၂)



**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်ချုပ်သန်းထွင် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင် မှ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာမှ အထက်ပိုင်းရှိ သွားလာရခက်ခဲတဲ့ကျေးရွာများသို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်ရန် လိုအပ်တဲ့ ချောင်းကူးတံတားများနှင့် ကွန်ကရစ်တံတားများကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တည်ဆောက်ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ရေးမြို့နယ်၊ ကျောင်းရွာ - ငါးကလေးချောင်း - လိပ်ပုတ် - မင်းလှအေး လမ်းပိုင်းဟာ ကျွန်တော်တို့ အရှည် ၇ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၂၂)ပေ အကျယ်ရှိတဲ့ မြေလမ်း ၄ မိုင် ၃ ဖာလုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ လိပ်ပုတ်မှ မင်းလှအေးကျေးရွာအထိ ၃ မိုင် ၁ ဖာလုံကို (၁၂)ပေအကျယ် မြေသားလမ်းကြမ်းအဖြစ် ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ထားရှိပြီး တံတားများ အနေနဲ့ (၆)ပေအကျယ် ကွန်ကရစ်တံတား (၁၀၀)ပေ(၁)စင်း၊ (၅၀)ပေ(၁)စင်းနဲ့ (၅)ပေ အကျယ် သစ်သားတံတား (၇၀)ပေ (၂)စင်း၊ (၈၀)ပေ (၁)စင်းနဲ့ (၃၅)ပေ(၁)စင်း၊ (၁၅)ပေ (၂)စင်းတို့ကိုလည်း ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်ထားရှိကြောင်း သိရှိရပါတယ်။ လိပ်ပုတ်မှ မင်းလှအေး ကျေးရွာ အထိ ၃ မိုင် ၁ ဖာလုံမှာ လမ်းအကျယ် (၁၂)ပေခန့်သာရှိပါတယ်။ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရန် လမ်းအကျယ် (၂၆)ပေရှိသော မြေသားလမ်းအဖြစ် ဦးစွာဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ မူဝါဒကတော့ မြေယာကိစ္စများအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ တာဝန်ခံရှင်းလင်းဆောင်ရွက်ပြီးမှသာ လုပ်ငန်းများ ရန်ပုံငွေခွင့်ပြုချက် ရရှိရေး ဆက်လက်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ရေးမြို့နယ်၊ ကျောင်းရွာ - ငါးကလေး ကျောင်း- လိပ်ပုတ်၊ မင်းလှအေးလမ်းပေါ်ရှိ ချောင်းကူးတံတားများ လမ်းအပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံများနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များက သတ်မှတ်လမ်း အကျယ်ရရှိအောင် အသေးစိတ်ကွင်းဆင်းလေ့လာ စိစစ်ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ မွန်ပြည်နယ် အစိုးရအဖွဲ့ကို တင်ပြရမှာဖြစ်ပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေယာကိစ္စများ ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း စိစစ်ထောက်ခံတင်ပြလာမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်ရမည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့

ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၂) ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိဒ်လမ်းခွဲမှ - မှောင်ကွန်(ဟ) - မှောင်ကွန်(သ) - လေးလက်လမ်းအား (၂၄)ပေအကျယ် လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ကတော့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ဖလမ်းမြို့နယ်၊ ရိဒ်လမ်းခွဲမှ မှောင်ကွန်(ဟ) - မှောင်ကွန်(သ) - မြေသားလမ်း(၁၀)မိုင် လမ်းတာချဲ့ခြင်း လုပ်ငန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် (၁၃၀.၅၀)သန်းအား အဆိုပြုလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃)ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာတွင် သန့်ရှင်းသောရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူပေးရေးလုပ်ငန်းကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်ဘတ်ဂျက်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာဟာ အိမ်ခြေ(၁၃၅)အိမ်ရှိပါတယ်။ လူဦးရေက (၆၄၅)ဦး နေထိုင်လျက်ရှိပြီးတော့ မီးဇာကျေးရွာအတွက် စိမ့်စမ်းရေ ရေသွယ်ရမည့် ရေထွက်နေရာဟာ ကျေးရွာထက်နိမ့်တဲ့နေရာမှာ တည်ရှိပါတယ်။

လက်ရှိမှာတော့ ကျေးရွာသူ၊ ကျေးရွာသားတွေက ကုလားတန်မြစ်ရေအား ခပ်ယူသုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာမှာ သန့်ရှင်းသောရေရရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဒေသခံပြည်သူလူထုနဲ့ ပူးပေါင်းပြီးတော့ ရေထွက်တည်ရှိရာနေရာမှ ရေစုကန်၊ ရေစစ်ကန် တည်ဆောက်မည့်နေရာ၊ ရေသွယ်ယူရမည့် မိုင်အကွာအဝေးတို့ကို ကွင်းဆင်းစိစစ်စေမှာဖြစ်ပါတယ်။ ဖြစ်နိုင်ခြေရှိပါက ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး သင့်တော်တဲ့ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ် အစိုးရအဖွဲ့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၄)ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ မိုပိုင်းလွတ်မြို့နှင့် ဆွမ္မရာမြို့ မြို့ချင်းဆက်လမ်းဖောက်လုပ်ရာတွင် ကျန်ရှိနေတဲ့ မြေသားလမ်း ၁၀ မိုင်ခန့်နှင့် ထိုလမ်းပိုင်းပေါ်မှာရှိတဲ့တံတား(၆)စင်းကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ လေရှီးမြို့နယ်၊ မိုပိုင်းလွတ်မြို့နှင့် ဆွမ္မရာမြို့ မြို့ချင်းဆက်လမ်းဟာ ၆၈ မိုင် ရှည်လျားပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၎င်းလမ်းကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း ၆၈ မိုင်၊ ကျောက်လမ်းမိုင် ၂၀၊ ကတ္တရာလမ်း ၁၀ မိုင်၊ ၂၀၀၇ - ၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ မြေလမ်းတာချဲ့ခြင်းကို ၁၁ မိုင်၊

ကျောက်လမ်း ၅ မိုင်၊ Box Culvert (၆)စင်း၊ Pipe Culvert (၂၃)စင်းကိုလည်းကောင်း၊ ဒုတိယ အကြိမ် အိန္ဒိယအထောက်အပံ့ရန်ပုံငွေဖြင့် မြေလမ်းတာချဲ့ခြင်း ၁၅ မိုင်၊ ၄ ဖာလုံကိုလည်းကောင်း၊ တတိယအကြိမ် အိန္ဒိယအထောက်အပံ့ဖြင့် သံကူကွန်ကရစ် တံတား(၁)စင်းအား ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း မြေလမ်းတာချဲ့ခြင်း ၇ မိုင်၊ ကျောက်လမ်း ၁ မိုင်၊ Box Culvert (၂၀)စင်းတို့ကိုလည်း လက်ရှိဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မိုပိုင်းလွှတ်- ဆွမ္မရာလမ်းမှာ ဆက်လက်ဆောင်ရွက်ရန် မြေသားလမ်းတာချဲ့ခြင်း ၈ မိုင် ၄ ဖာလုံနဲ့ တံတား(၆)စင်း ကျန်ရှိပါတယ်။ ၎င်းကျန်ရှိတဲ့ လုပ်ငန်းများအနက် ကျွန်တော်တို့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မြေလမ်းတာချဲ့ခြင်း ၅ မိုင်နှင့် (၂၅x၁၄x၁၈)ပေ သံကူကွန်ကရစ်တံတား (၁)စင်း၊ (၄၀x၁၄x၁၂)ပေ သံကူကွန်ကရစ်တံတား (၁)စင်း၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းတာချဲ့ခြင်း ၃ မိုင် ၄ ဖာလုံနှင့် (၅၀x၁၄x၁၂)ပေ သံကူကွန်ကရစ်တံတား (၂)စင်းတို့ကို လည်းကောင်း ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ (၄၀x၁၄x၁၂)ပေ သံကူကွန်ကရစ် တံတား(၁)စင်း (၂၄x၁၄x၁၂)ပေ သံကူကွန်ကရစ်တံတား (၁)စင်းတို့ကိုလည်း ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၅)ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်သီဟ ရဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သဃ်န်းကျွန်းကျေးရွာအုပ်စုရှိ သဃ်န်းကျွန်း - ပိုင်ဝမ်းကျေးရွာချင်းဆက် မြေသားလမ်းနှင့် စိန်ကြီး - သာယာကုန်း ကျေးရွာချင်းဆက် မြေသားလမ်း တို့ကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ခင်းလမ်းအဖြစ် လာမည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်၍ ပထမလမ်းပိုင်း ဖြစ်တဲ့ သဃ်န်းကျွန်း - ပိုင်ဝမ်းလမ်းပိုင်းဟာ စုံနံသာ - ဇွန်းတလင်း - ပိုင်ဝမ်း - သဃ်န်းကျွန်း ၆ မိုင် လမ်းကြောင်းပေါ်မှာတည်ရှိပါတယ်။ အရှည် ၁ မိုင် ၂ ဖာလုံရှိသော လမ်းပိုင်းဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ သဃ်န်းကျွန်း - ပိုင်ဝမ်းလမ်းပိုင်းကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လွှတ်တော် ရန်ပုံငွေကျပ် (၆.၆၀)သန်းဖြင့် (၁၄)ပေအကျယ် မြေသားလမ်းကိုလည်းကောင်း၊ ဒေသအစီအစဉ်ဖြင့် ဂဝံနှင့်ကျောက်ခင်းလမ်း ၇ ဖာလုံကိုလည်းကောင်း ဆောင်ရွက်ထားရှိကြောင်းနှင့် လမ်းဘေး တစ်လျှောက်မှာ ဥယျာဉ်ခြံမြေနှင့် လယ်မြေများတည်ရှိကြောင်း သိရှိရပါတယ်။

ဒုတိယလမ်းပိုင်းဖြစ်တဲ့ စိန်ကြီး - သာယာကုန်းလမ်းပိုင်းနှင့် စပ်လျဉ်းပြီးတော့ ဒေသရဲ့ စိစစ်ချက်အရ ၎င်းလမ်းဟာ ကျုံပေါ် - စိန်ကြီး - သက်န်းကျွန်းလမ်း (၉)မိုင်မှ ခွဲထွက်လာတဲ့ သာယာကုန်း ကျေးရွာသွားလမ်းဖြစ်ပြီးတော့ အရှည် ၂ မိုင် ၄ ဖာလုံရှိပါတယ်။ ၂၀၀၉ ခုနှစ် ဒေသအစီအစဉ်ဖြင့် (၁၃)ပေအကျယ် ဂဝံမြေသားလမ်း ဆောင်ရွက်ထားရှိပြီးဖြစ်ပေမယ့် လမ်းကြောင်းကျဉ်းမြောင်း သော်လည်း အောက်ခံမြေသားကောင်းမွန်တဲ့အတွက် မိုးတွင်းကာလမှာ လမ်းပျက်စီးမှုနည်းပါးကြောင်း လမ်းဘေးဘယ်ညာတွင် ရာဘာခြံများရှိကြောင်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကျေးရွာဆက်လမ်းများဟာ လမ်းဘေး တစ်လျှောက်မှာ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများ၊ ရာဘာခြံများရှိနေသည့်အတွက် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီးတော့ သတ်မှတ်တဲ့လမ်းအကျယ် (၂၆)ပေရရှိမှသာ လုပ်ငန်းများ

ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ တင်ပြသလိုပဲ မြေယာကိစ္စရပ်များအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ခံရှင်းလင်းဆောင်ရွက်ပြီးမှသာ လုပ်ငန်းများကို ရန်ပုံငွေရရှိရေး ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ရေးမြို့နယ်၊ သဃ်န်းကျွန်းကျေးရွာအုပ်စုရှိ သဃ်န်းကျွန်း - ပိုင်ဝမ်းလမ်းအပိုင်းနှင့် ကျုံပေါ် - စိန်ကြီး - သဃ်န်းကျွန်းလမ်းမှ သာယာကုန်းကျေးရွာသွားလမ်းတို့အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ သတ်မှတ်လမ်းအကျယ် ရရှိအောင် ဒေသခံများနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ဦးစွာပထမ ကွင်းဆင်းလေ့လာစိစစ်ညှိနှိုင်း၍ မွန်ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပေးရန်လိုအပ်ပါမယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မြေယာကိစ္စများ ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း ကျွန်တော်တို့ စိစစ်ထောက်ခံတင်ပြလာမယ်ဆိုလို့ရှိရင် ဒေသအတွက်အကျိုးရှိထိရောက်မှု ဦးစားပေးအဆင့်သတ်မှတ်ပြီးတော့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ် (၆) ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ၏ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရဲ့ တောင်ဘက် မာရာတောင်ကြောရှိ ကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းများနှင့် လအိုသိုးတောင်ကြောရှိ ကျေးရွာများရဲ့ ကျေးရွာချင်းဆက်လမ်းများအား (၂၄)ပေအကျယ် လမ်းတာချဲ့ပေးရန်နှင့် ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်ရန် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ထန်တလန်မြို့နယ်ရဲ့ တောင်ဘက် မာရာတောင်ကြောရှိ ကျေးရွာများရဲ့ ကျေးရွာချင်းဆက်လမ်းများနှင့် လအိုသိုးတောင်ကြောရှိ ကျေးရွာများရဲ့ ကျေးရွာချင်းဆက်လမ်းများနှင့် စပ်လျဉ်းပြီးတော့ ချင်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မာရာတောင်ကြောရှိ ကျေးရွာများဖြစ်တဲ့ ငါဖိုင်သဲ - ငါဖိုင်ပီးကြား လမ်းတာချဲ့ခြင်း ၁၂ မိုင်၊ ဖါရ်တလန် - လာအိုကြား လမ်းတာချဲ့ခြင်း ၅ မိုင်၊ ငါဖိုင်ပီး - ဖါရ်တလန်ကြား လမ်းတာချဲ့ခြင်း ၂ မိုင် ၄ ဖာလုံ၊ လိုင်လင်းမှ ဘွေနူးမြစ်အထိ လမ်းတာချဲ့ခြင်း ၃ မိုင်နှင့် လအိုသိုးတောင်ကြောရှိ ကျေးရွာများဖြစ်တဲ့ ခွာဘုံ(ခ) - လုံကွဲပီးကြား လမ်းတာချဲ့ခြင်း ၆ မိုင်၊ ဖန်ထဲင် - နှာရိန်းလမ်းခွဲမှ ထန်ဩကျေးရွာ လမ်းသစ်ဖောက်လုပ်ခြင်း ၅ မိုင်တို့ကို ချင်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်နယ်ရန်ပုံငွေမှာ ကျွန်တော်တို့ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ် (၇) ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ နာဘုန်းကျေးရွာအုပ်စု၊ ဒါရ်စုံးကျေးရွာနှင့် ဒိုင်ဒင်းကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာကြား ၁၆ မိုင်အား ကုန်ထုတ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ မတူပီမြို့နယ်၊ နာဘုန်းကျေးရွာအုပ်စု၊ ဒါရ်စုံးကျေးရွာနှင့် ဒိုင်ဒင်းကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာကြား ၁၆ မိုင်ခန့်လမ်းဟာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေနှင့် ဖောက်လုပ်ထားတဲ့ ရမ်စီး - ဒါရ်စုံး - ခွါဘွေး - စန်းစက် - ထယ်ဆီ

- ရေဆော - တိန်ဆီးကြား ၆၅ မိုင်လမ်းပေါ်မှာရှိတဲ့ ဒါရ်စုံးကျေးရွာမှခွဲထွက်ပြီး ရွှေတောင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ရမည့် မြေလမ်းဖြစ်ပါတယ်။ ၎င်းလမ်းပေါ်မှာ ဒါရ်စုံးကျေးရွာဟာ ကျွန်တော်တို့ အိမ်ထောင်စု (၁၅)စုဖြစ်ပါတယ်။ လူဦးရေ (၇၂)ဦးရှိပြီးတော့ ရွှေတောင်ကျေးရွာဟာ အိမ်ထောင်စု (၆)စု၊ လူဦးရေ (၃၁)ဦးရှိကြောင်း စိစစ်သိရှိရပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မတူပီမြို့နယ် ဒါရ်စုံးကျေးရွာနှင့် ရွှေတောင်ကျေးရွာကြား ကုန်ထုတ်လမ်း ၁၆ မိုင် ဖောက်လုပ်ပေးခြင်းနှင့် စပ်လျဉ်း၍ လမ်းအူကြောင်း ကွင်းဆင်းစစ်ဆေးခြင်း၊ မိုင်အကွာအဝေး တိုင်းတာစစ်ဆေးခြင်းတို့ကို ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပြီး ဒေသအတွက် အမှန်တကယ် ဆောင်ရွက်ရန်လိုအပ်ပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ထောက်ခံတင်ပြလာပါက ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး သင့်လျော်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၁၁ - ၁၂ - ၂၀၁၈ ရက်နေ့တွင် သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၂၀ - ၁၂ - ၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁ - ၂ - ၂၀၁၉ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးသိန်းလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

**စာအမှတ်၊ ၁ / အမ (ကော်မတီ ၁) ၁/၂၀၁၉** - ၀၈၀
**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်**

၁။ ပြည်သူ့လွှတ်တော်က ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၄ - ၂ - ၂၀၁၉ ရက်နေ့တွင် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၁ - ၂ - ၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်ရာတွင် -

(က) ပိုမိုတိကျရှင်းလင်းမှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ တို့တွင် ဖော်ပြထားသော ဝန်ထမ်းအဖွဲ့အစည်း ဆိုသည့်စကားရပ်ကို ဝန်ကြီး ဌာနနှင့် အဖွဲ့အစည်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(က)တွင် ပါရှိသော ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ) ကို ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(ဃ) ဝန်ထမ်းရေးရာကိစ္စရပ်များကို သုတေသနပြုလုပ်ခြင်း၊

(င) ဝန်ထမ်းများ၏ ဝန်ဆောင်မှုအပေါ် ပြည်သူများ၏ သဘောထားအမြင်များကို စစ်တမ်းကောက်ယူပြီး သုတေသနပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတ၏ ကြီးလေးလှသော တာဝန်ဝတ္တရားများအပေါ် သက်ရောက်မှု မရှိစေဘဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ကိုက်ညီမှုရှိစေရန် အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)တွင် ပါရှိသော ပုဒ်မ ၈၊ ပုဒ်မခွဲ(ဇ)တွင် ဖော်ပြထားသော စကားရပ်အစား ပြန်တမ်းဝင် အရာရှိတစ်ဦးဦးအား ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့လိုသည့် ကိစ္စရပ်များအတွက် ညှိနှိုင်းလာမှုအပေါ် လိုအပ်သည့်စိစစ်မှုများပြုလုပ်၍ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရမည်။ ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၁ - ၂ - ၂၀၁၉ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၀း၅၂ နာရီ အချိန်တွင် ရပ်နားပါသည်။]